# ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
# ဗဟိုဌာနချုပ်
# ကော်သူးလေ

www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (၁၆) ကြိမ်မြောက် ကွန်ကရက်အပြီး (၇)ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေး သတင်းထုတ်ပြန်ချက်

ရက်စွဲ- ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်၊

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ (၁၆)ကြိမ်မြောက်ကွန်ကရက်အပြီး ဗဟိုအမြဲတမ်းကော်မတီ၏ (၇)ကြိမ်မြောက် အရေးပေါ်အစည်းအဝေးကို ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ(၂၁)ရက်နေ့ မှ (၂၃)ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ ပါသည်။ ထိုအစည်းအဝေးသို့ ဗဟိုအမြဲတမ်းကော်မတီဝင် (၅၂)ဦး ရှိသည့်အနက် ကော်မတီဝင် (၃၉)ဦး နှင့် အထူးဖိတ်ကြားသူ(၇)ဦး တက်ရောက်ခဲ့ကြပါသည်။

ဗဟိုအမြဲတမ်းကော်မတီအရေးပေါ် အစည်းအဝေးတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဗဟိုအလုပ် အမှုဆောင် ကော်မတီ မှ တင်သွင်းသော နိုင်ငံရေးသုံးသပ်ချက် အစီရင်ခံစာ ဆွေးနွေးခဲ့ကြပြီးအတည်ပြုခဲ့ကြသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA)ဆိုင်ရာအကောင်အထည်ဖော်မှုများ၊ အပစ်အခတ် ရပ်စဲရေးခိုင်မာရေးဆိုင်ရာနှင့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာစောင့်ကြည့်ရေးလုပ်ငန်းစဉ်တို့နှင့်ပါတ်သက်ပြီး ရင်ဆိုင်နေရသော စိန်ခေါ်မှုများ တို့ကို ဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ-စတုတ္ထ အစည်းအဝေး)နှင့်ပါတ်သက်သည့် အကြောင်းအရာများ၊ ၂၀၂၀ အလွန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်သွားနိုင်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် နှင့် အာမခံချက်ရှိသည့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် (၇)ကြိမ်မြောက် ကေအဲန်ယူ-ဗဟိုအမြဲတမ်းကော်မတီ အရေး ပေါ် အစည်းအဝေးမှ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ချမှတ်ထားသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ဆိုင်ရာ၊ နိုင်ငံရေးဆွေးနွေးခြင်းဆိုင်ရာ အကောင်အထည်ဖော်ခြင်းများတို့ကို ဆက်လက်အကောင်အထည်ဖော် ပြုလုပ်သွားမည်ဖြစ်ပြီး မိမိကရင်ပြည်သူလူထုများနှင့်အတူ အခြားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီ များ၊ နိုင်ငံရေး အင်အားစုများ၊ လူမှုအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအမြဲတမ်းကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်။

ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း - (+၆၆ ၈၁ ၈၀၇၆၂၇၉ ) (+၉၅ ၉ ၄၂၂၁၉ ၁၉၄၁)
(၂) ပဒိုစောတာဒိုမူး - (+ ၆၆ ၆၀၅၀၄၉ ၁၁၃) (+၉၅ ၉၇၉ ၅၈၈ ၇၀၈၅)